အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန (MOIC)
အမျိုးသားညီညွတ်ရေးအစိုးရ (NUG)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံနှင့်အတူ ရပ်တည်ပေးကြသည့် ကမ္ဘာတစ်လွှားရှိ ရဲရင့်သောတော်လှန်ရေးအနုပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းတင်ခြင်း

၂၀၂၁ ခုနှစ် မေလ ၂၃ ရက်

ကျွန်ုပ်တို့သည် မြန်မာ့သမိုင်း၏အမှောင်ဆုံးအချိန်ကာလတွင် ရဲစွမ်းသတ္တိရှိသော မြန်မာပြည်သူများအတွက်အသုံးပြုပြီး ဆက်လက်အသုံးချသွားမည့် Headache Stencil ၏ တော်လှန်ရေးအနုပညာဖန်တီးမှုဖြင့် ထောက်ခံအားပေးမှုအပေါ် အလွန်ပင်ဂုဏ်ယူဝမ်းမြောက်ပြီး စိတ်ရင်းအမှန်ဖြင့် ကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါသည်။သင်တို့၏အနုပညာလက်ရာများသည် ဤအမှောင်ထုကာလအတွင်း ရဲရင့်သောမြန်မာ ပြည်သူလူထုများကို ဆက်လက်ကူညီပံ့ပိုးပေးရုံသာမက ဤသမိုင်းဝင်လက်ရာများသည် "ကျွန်ုပ်တို့ ပြည်သူများ၏" ရဲရင့်ခြင်း၊ ရဲစွမ်းသတ္တိရှိခြင်းနှင့် ခွန်အားများကို သက်သေပြနိုင်သော သက်တာအဖြစ် ဆက်လက်၍ရှင်သန်စေမည်ဖြစ်ပါသည်။

ကျွန်ုပ်အနေဖြင့် အံ့အားသင့်ဖွယ်ရာကောင်းပြီး ဂုဏ်ယူအားကျအတုယူဖွယ်ရာကောင်းသည့်၊ ရင်သပ်ရှုမောဖွယ်ရာကောင်းသောအနုပညာများနှင့်အတူကူညီပေးခဲ့ကြသည့်မြန်မာနိုင်ငံနှင့်ကမ္ဘာတစ်လွှားရှိ အနုပညာရှင်တိုင်းကို စိတ်ရင်းအမှန်ဖြင့်ကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါသည်။ အနယ်နယ်အရပ်ရပ်၌ ရှိကြသောအနုပညာရှင်များအား ရဲစွမ်းသတ္တိရှိသောမြန်မာပြည်သူများအတွက် ဆက်လက်ရပ်တည်ပေးရန်၊ သူတို့၏အမှုကိုသတ္တိရှိရှိဆောင်ရွက်ရန်နှင့် အကြမ်းဖက်အုပ်စိုးမှုကြောင့် အရာအားလုံးဆုံးရှုံးခဲ့ရသောပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်ပါရန် တိုက်တွန်းလိုပါသည်။ ဤအကြမ်းဖက်စစ်ကောင်စီ၏ အုပ်ချုပ်မှုကိုအဆုံးသတ်ရန် အချိန်တန်ပြီဖြစ်သည့်အတွက် ကျွန်ုပ်တို့သည် သင်တို့၏ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဆက်လက်ထောက်ခံမှုကို အလွန်လိုအပ်လျက်ရှိပါသည်။

ကျွန်ုပ်တို့အားလုံး ဤတိုက်ပွဲကို အတူတကွ အောင်နိုင်ရမည်။

ဒေါက်တာဆာဆာ
ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန
ပြောရေးဆိုခွင့်ရှိသူ၊ အမျိုးသားညီညွတ်ရေးအစိုးရ